**ပြည်တွင်းရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များ၏ ပူးတွဲကြေညာချက်**

၂၀၂၁ ခုနှစ် ဇန်နဝါရီလ ၂၉ ရက်

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲများ၏ လုပ်ငန်းစဉ်များအပေါ်အခြေခံကာ ရွေးကောက်ပွဲရလဒ်နှင့် ပတ်သက်၍ ဖြစ်ပွားနေသည့် အငြင်းပွားမှုများကြောင့် ရွေးကောက်ပွဲအလွန်ကာလမတည်မငြိမ်ဖြစ်မှု၊ အာဏာလွှဲပြောင်းမှု ကြန့်ကြာစေနိုင်သည်သာမက မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းမှုလုပ်ငန်းစဉ်များ နှောင့်နှေးတုံ့ဆိုင်းသွားမည့် အခြေအနေများအတွက် နိုင်ငံအတွင်း စိုးရိမ်ပူပန်မှုများ ပေါ်ပေါက်နေပါသည်။ ပြည်တွင်းရွေးကောက်ပွဲစောင့်ကြည့် လေ့လာသူများအနေဖြင့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲများတွင် ရွေးကောက်ပွဲအကြိုကာလအတွင်း မဲဆန္ဒရှင်စာရင်း ကြေညာပြသခြင်း၊ မဲဆွယ်စည်းရုံးခြင်း၊ ကြိုတင်မဲပေးခြင်းနှင့် ရွေးကောက်ပွဲနေ့မဲပေးခြင်း၊ ဆန္ဒမဲများရေတွက်ခြင်း စသည့်လုပ်ငန်းစဉ်တို့အပြင် မဲရလဒ်များစုစည်းသည့် လုပ်ငန်းစဉ်များကို တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးတွင် စောင့်ကြည့်လေ့လာမှုများ ပြုလုပ်ခဲ့ကြပါသည်။ စောင့်ကြည့်လေ့လာမှုများအရ ရွေးကောက်ပွဲဥပဒေမူဘောင်နှင့် လုပ်ထုံးလုပ်နည်းများ၏ အားနည်းချက်များအပြင် ကိုဗစ်-၁၉ ကပ်ရောဂါ အကန့်အသတ်များကြောင့်လည်း ရွေးကောက်ပွဲ လုပ်ငန်းစဉ်များတွင် အားနည်းချက်များရှိခဲ့သည်ကို လေ့လာတွေ့ရှိပါသည်။ သို့သော်လည်း ရွေးကောက်ပွဲရလဒ်များသည် မဲဆန္ဒရှင်အများစု၏ သဘောထားနှင့်အညီ ရရှိလာသော ရွေးကောက်ပွဲရလဒ်များ ဖြစ်သည်ကို ပြည်တွင်းရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးအဖွဲ့များအနေဖြင့် တွေ့ရှိပါသည်။

ထို့ကြောင့် လက်ရှိရွေးကောက်ပွဲဥပဒေမူဘောင်နှင့် လုပ်ထုံးလုပ်နည်းများ၏ အားနည်းချက်များကို သင်ခန်းစာယူ၍ နိုင်ငံရေးပါတီများအကြား ဆွေးနွေးညှိနှိုင်း၍ ပြင်ဆင်မှုများပြုလုပ်ခြင်းကသာ အနာဂတ်တွင် ရွေးကောက်ပွဲလုပ်ငန်းစဉ်များ ပိုမိုကောင်းမွန်လာရေးအတွက် မှန်ကန်သည့် နည်းလမ်းဖြစ်သည်ဟု ကျွန်ုပ်တို့ ပြည်တွင်းရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးအဖွဲ့များက ယုံကြည်ပါသည်။ သို့ဖြစ်ပါ၍ တပ်မတော်အပါအဝင် သက်ဆိုင်ရာနိုင်ငံရေးပါတီများ အနေဖြင့် ရွေးကောက်ပွဲရလဒ်များကို လက်ခံပြီး ရွေးကောက်ပွဲအလွန် နိုင်ငံရေးတည်ငြိမ်မှုကို ထိန်းသိမ်း၍ အာဏာလွှဲပြောင်းမှုဖြစ်စဉ် ချောမွေ့ရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ကြရန် တိုက်တွန်းပါသည်။ ပြည်တွင်းရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးအဖွဲ့များ အနေဖြင့်လည်း အနာဂတ်ရွေးကောက်ပွဲလုပ်ငန်းစဉ် ပြုပြင်ပြောင်းလဲရေးနှင့် ပတ်သက်၍ နိုင်ငံရေးပါတီအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန် အသင့်ရှိပါသည်။

Bago Observer Group (ပဲခူးဒေသလေ့လာစောင့်ကြည့်ရေးအဖွဲ့)

CAN Myanmar (လူထုရပိုင်ခွင့် ညှိနှိုင်းဖော်ဆောင်ရေးအဖွဲ့)

Hornbill Organization (အောက်ချင်း အရပ်ဘက်လူမှုအဖွဲ့အစည်း)

Kadu Youth Development Association (ကဒူးလူငယ်ဖွံ့ဖြိုးရေးအသင်း)

Myanmar Election Observation Network -MEON (မြန်မာနိုင်ငံရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများကွန်ရက်)

Myanmar Independent Living Initiative (မြန်မာနိုင်ငံမသန်စွမ်းသူများရှေ့ဆောင်အဖွဲ့)

Myanmar Network Organization for Free and Fair Elections (မြန်ဖရယ်)

New Myanmar Foundation (နယူးမြန်မာဖောင်ဒေးရှင်း)

People's Alliance for Credible Elections (ရွေးကောက်ပွဲဆိုင်ရာပြည်သူ့လှုပ်ရှားမှုအဖွဲ့)

Peace and Justice Myanmar (ငြိမ်းချမ်းမျှတလူမှုအဖွဲ့အစည်း)

Phan Tee Eain (ဖန်တီးအိမ်)

Rainmaker